

Cover Image: unsplash.com/@saadchdhry

အမျိုးသားညီညွတ်ရေးအစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်
ထိန်းသိမ်းရေးဝန်ကြီးဌာန

အတွဲ (၃) အမှတ် (၁)

# သတင်းလွှာ

MONREC

# Bulletin

29.Feb.2024

# မာတိကာ


- ဖေဖော်ဝါရီလအတွင်း ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ
- CDM ဝန်ထမ်းများအား ထောက်ပံ့ပေးမှု
- ဖက်ဒရယ်သယံဇာတဆိုင်ရာ ပညာပေးအစီအစဉ်များ
- ဖေဖော်ဝါရီလအတွင်း တရားမဝင်သစ်ဖမ်းဆီးရရှိမှု
- ပြည်ထောင်စုဝန်ကြီး စကားသံ
- ဆောင်းပါးကဏ္ဍ (အယ်လ်နီညိုဖြစ်စဉ်၏ သက်ရောက်မှုများ)
- ကဗျာကဏ္ဍ (တောင်တန်းရှိုက်သံ)
- ကာတွန်းကဏ္ဍ
- မတ်လအတွင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ ကမ္ဘာ့အထိမ်းအမှတ် နေ့များ


၁

## ဖေဖော်ဝါရီလအတွင်း ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ

### ၁။ ဖေဖော်ဝါရီလအတွင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်များ

အမည်ပျက်စာရင်းကြေညာခြင်း ထုတ်ပြန်ကြေညာချက် (၁/၂၀၂၄)

အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၃-၈-၂၀၂၂ ရက်စွဲပါ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း နှင့် ပတ်သက်သည့် ကြေညာချက်အမှတ် ၇/၂၀၂၂ ကို ထုတ်ပြန်၍ အကြမ်းဖက်အာဏာသိမ်း စစ်ကောင်စီကို အထောက်အပံ့ဖြစ်စေမည့် မည်သည့်ပူးပေါင်းမှုကိုမှ အသင်းအနေဖြင့် ဆောင် ရွက်ခြင်း လုံးဝမပြုလုပ်ရန်နှင့် အသင်း၏ တရားဝင်မှု မရှိသော ၂၀၂၂-၂၀၂၅ ဆဋ္ဌမသက်တမ်း အတွက် အလုပ်အမှုဆောင်နှင့် ဗဟို

အလုပ်အမှုဆောင်အဖွဲ့များ ပြန်လည်ရွေးချယ်ပွဲအား အသိအမှတ်မပြုပါကြောင်း အသိပေးထုတ်ပြန်ပြီးဖြစ်သည်။

အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၁၇-၉-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၃ ထုတ်ပြန်၍ အကြမ်း ဖက်စစ်ကောင်စီ၏ တရားဝင်မှုနှင့် အခွန် သို့မဟုတ် အကျိုးအမြတ် စသည်တို့အပေါ် တနည်း တလမ်းအားဖြင့် အကျိုးပြုနေသည့် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (Myanmar Gems and Jewellery Entrepreneurs Association) နှင့်တကွ လက်အောက်ခံ အသင်းခွဲများအား ဖွဲ့စည်းပုံနှင့်တကွ ဖျက်သိမ်းခဲ့ပြီး ဖြစ်သည်။

၎င်းအမိန့် ထုတ်ပြန်ပြီးနောက် အဆိုပါအသင်းနှင့် လက်အောက်ခံအသင်းခွဲများတွင် ဆက်လက် ပါဝင်လုပ်ကိုင်နေခြင်း၊ ပူးပေါင်းလုပ်ကိုင်နေခြင်း၊ ပိုင်ဆိုင်မှုနှင့် ဘဏ္ဍာငွေများကို ဆက်လက်သုံးစွဲနေခြင်း၊ အသင်း၏အမည်ဖြင့် ဆက်လက်ဆောင်ရွက်ခြင်း ပြုလုပ်နေသော လုပ်ငန်းရှင်များ၊ ဝန်ထမ်းများ စသူတို့အား အကြမ်းဖက်စစ်ကောင်စီအပေါ် ထောက်ပံ့ကူညီနေ သူများအဖြစ် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း ကြေညာ ခဲ့ပြီးဖြစ်သည်။





၎င်းကြေညာချက်နှင့် အမိန့်များကို လိုက်နာခြင်းမရှိဘဲ အဆိုပါအသင်းအဖွဲ့များတွင် ပါဝင် ဆောင်ရွက်ခဲ့သော၊ ဆက်လက်ပါဝင်လုပ်ကိုင်နေသော လုပ်ငန်းရှင်များ၊ ပုဂ္ဂိုလ်များကို အမည် ပျက်လုပ်ငန်းရှင်များအဖြစ် သတ်မှတ်ကြေညာလိုက်သည်။ ဆက်လက်ပါဝင် လုပ်ကိုင်နေသူ များရှိပါက သက်ဆိုင်ရာဥပဒေများအရ ဆက်လက်အရေးယူသွားမည်ဖြစ်သည်။

## ၂။ ပြည်ထောင်စုအဆင့်သယံဇာတစီမံအုပ်ချုပ်မှုအဖွဲ့၏ (၂ /၂၀၂၄) အစည်းအဝေးကျင်းပခြင်း

ပြည်ထောင်စုဝန်ကြီးချုပ်မှ ဥက္ကဋ္ဌအဖြစ် ဦးဆောင်သည့် ပြည်ထောင်စုအဆင့်သယံဇာတစီမံ အုပ်ချုပ်မှုအဖွဲ့၏ (၂ /၂၀၂၄) အစည်းအဝေးအား ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ အဖွဲ့ဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးနှင့် လူဝင်မှု ကြီးကြပ်ရေးဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့မှ အတွင်းဝန်

များ၊ ကိုယ်စားလှယ်အဖွဲ့ဝင် များ၊ ပြည်ထောင်စုဝန်ကြီးချုပ်ရုံးမှ အတွင်းဝန်နှင့် ရုံးအဖွဲ့များ၊ ပြည်ထောင်စုအဆင့် သယံဇာတ စီမံအုပ်ချုပ်မှုအဖွဲ့၏ အတွင်းရေးမှူးရုံးအဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။


ပြည်ထောင်စုအဆင့် သယံဇာတစီမံအုပ်ချုပ်မှုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းက အဖွင့်အမှာစကားပြောကြားရာတွင်

"ယနေ့အစည်းအဝေးကို တက်ရောက်လာကြတဲ့ ပြည်ထောင်စုအဆင့် သယံဇာတစီမံအုပ်ချုပ်မှု အဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အတွင်းဝန်များနှင့် ရုံးအဖွဲ့သားများအပါအဝင် တက်ရောက်လာသူများအားလုံး ဘေးကင်းလုံခြုံကျန်းမာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း မင်္ဂလာပါလို့ ဦးစွာ








နှုတ်ခွန်းဆက်သပါကြောင်း၊

ဒီနေ့ကျင်းပတဲ့ အစည်းအဝေးဟာ ၂၀၂၄ ခုနှစ်မှာ သစ်တောကဏ္ဍစီမံခန့်ခွဲမှုနဲ့ ပတ်သက်လို့ ကျင်းပတဲ့ အရေးပေါ်အစည်းအဝေးဖြစ်ပါကြောင်း၊ တော်လှန်ရေး အဆုံးအဖြတ်အတွက် ပိုပြီး အားစိုက်ဆောင်ရွက်နေကြတဲ့ ဒီနှစ်မှာ အုပ်ချုပ်ရေးထူထောင်မှုလုပ်ငန်းများနဲ့အတူ သယံဇာတ ကဏ္ဍမှာ အရေးကြီးတဲ့ လုပ်ငန်းတွေ ပိုမိုထိရောက်စွာ ဆောင်ရွက်ဖို့ လိုအပ်တဲ့အတွက် ယခု ကဲ့သို့ အရေးပေါ် အစည်းအဝေး ကျင်းပရခြင်းဖြစ်ကြောင်း၊

စီမံအုပ်ချုပ်မှုများ ဆောင်ရွက်ကြတဲ့အခါ ချမှတ်ထားတဲ့ မူဝါဒများနှင့်အညီ လိုက်နာဆောင်ရွက် စေရေး၊ တစ်ဖက်မှာလည်း တော်လှန်ရေး လိုအပ်ချက်များနှင့်အညီ မြေပြင်မှာ အချိန်နှင့် တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး ဟန်ချက်ညီညီ ပေါင်းစပ်ဆောင်ရွက်နိုင်ဖို့ အထူးပဲ

အရေးကြီးတာကို တွေ့ရပါကြောင်း၊

အခုလို ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်နိုင်ရန်မှာ အထူး သယံဇာတ စီမံအုပ်ချုပ်မှုအဖွဲ့များ နှင့် မြို့နယ်သယံဇာတ စီမံအုပ်ချုပ်မှုအဖွဲ့များအကြား အပြန်အလှန် နားလည်မှု ရှိရှိနှင့် ပူးပေါင်း ဆောင်ရွက်နိုင်ရေး အထူးအရေးကြီး ပါကြောင်း၊ ရှင်းလင်းပြတ်သားတဲ့ မူဝါဒနှင့် လိုက်နာ ရ လွယ်ကူတဲ့ လုပ်ထုံးလုပ်နည်းများနဲ့ တာဝန်ခွဲဝေမှုမျိုး ကျင့်သုံးကြဖို့ အဓိကကျကြောင်း၊

မြေပြင်မှာ သယံဇာတများ လေလွင့်ဆုံးရှုံးမှု အနည်းဆုံးဖြစ် စေရန်နှင့် မြို့နယ်အဆင့်မှာ လိုက်နာဆောင်ရွက်ရ လွယ်ကူ စေရေး ယနေ့တင်ပြဆွေးနွေးကြမယ့် အစီအစဉ်တွေကို အခြေ ခံပြီး စုပေါင်းခေါင်းဆောင်မှုဖြင့် ဘက်စုံက စဉ်းစား ပြီး ဝိုင်းဝန်းဆွေးနွေး အဖြေရှာကြရမှာ ဖြစ်ပါ ကြောင်း၊

နိဂုံးချုပ်အနေနဲ့ မိမိတို့လုပ်ဆောင်ချက်တိုင်းသည် တော်လှန်ရေးအောင်မြင်ဖို့အတွက် အဓိကဦး တည်တာဖြစ် လို့ အားလုံးရဲရဲဝံ့ဝံ့နဲ့ ဆုံးဖြတ်ချက်ချကာ မှန်မှန်ကန်ကန်၊ မြန်မြန်ဆန်ဆန် လုပ်ဆောင်ကြဖို့ အင်မတန် အရေးကြီးပါ ကြောင်း၊ တော်လှန်ရေးအတွက် လိုအပ်တဲ့ပံ့ပိုးမှုမှန် သမျှ မဖြစ်မနေဖြည့်ဆည်းပေးကြဖို့ ဝန်ကြီးဌာနအားလုံးကို တိုက်တွန်းပြောကြားခဲ့ပါသည်။"



ဆက်လက်၍ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက် ဆောင်ရွက်ပြီးစီးမှုများနှင့် ရှေ့လုပ်ငန်းစဉ် ဆောင်ရွက်ပြီးစီးမှုများကို ပြည်ထောင်စုအဆင့်သယံဇာတ စီမံအုပ်ချုပ်မှုအဖွဲ့ တွဲဖက်အတွင်းရေးမှူးက တင်ပြခဲ့ ပါသည်။

သယံဇာတစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာ ကဏ္ဍအလိုက် တာဝန်ရှိသူများက တင်ပြကြပါသည်။ တင်ပြ ချက်များနှင့် ပတ်သက်၍ တက်ရောက်လာသည့် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် များက ဝိုင်းဝန်း ဆွေးနွေးအကြံပြုခဲ့ကြပါသည်။

ဆက်လက်၍ ပြည်ထောင်စုအဆင့် သယံဇာတစီမံအုပ်ချုပ် မှုအဖွဲ့၏ (၂/၂၀၂၄) အစည်းအဝေး ဆုံးဖြတ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခဲ့ကြပြီးနောက် မှတ်တမ်းဓာတ်ပုံ ရယူကာ အစည်းအဝေးကို ရပ်နားခဲ့ပါသည်။

## ၃။ ပတ်ဝန်းကျင်ဆိုင်ရာ အကြံပေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တတိယပုဂ္ဂိုလ် (သို့)အဖွဲ့အစည်း များအားအသိပေးချက်ထုတ်ပြန်ခြင်း

ပတ်ဝန်းကျင်ဆိုင်ရာ အကြံပေးလုပ်ငန်းများ ဆောင်ရွက် နေသည့် တတိယပုဂ္ဂိုလ် (သို့) အဖွဲ့ အစည်းများအတွက်

ကြားကာလ အမည်စာရင်းမှတ်ပုံတင်သွင်းရန် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၆) ရက်နေ့ ရက်စွဲဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ Facebook Page တွင် တရားဝင် ကြေညာချက်ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

အမည်စာရင်းမှတ်ပုံတင်ကာလမှာ ဇန်နဝါရီလ (၁) ရက်နေ့မှ မတ်လ (၃၁)နေ့အထိဖြစ်ပါ သည်။

သတ်မှတ်ကာလအတွင်း အမည်စာရင်းမှတ်ပုံမတင်သော လူပုဂ္ဂိုလ် (သို့) အဖွဲ့အစည်းများအား ကြေညာချက်ပါ စည်းကမ်းချက်များဖြစ်သည့် အမည်ပျက်စာရင်းသွင်းခြင်း၊ အမည်ပျက်စာရင်း သွင်းထားသော လူပုဂ္ဂိုလ် (သို့) အဖွဲ့အစည်းများမှ ရေးသားထားသော အစီရင်ခံစာများကို အသိအမှတ်မပြုခြင်း စသည့် အပြစ်ပေးအရေးယူခြင်းများကို ခံရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပတ်ဝန်းကျင်ဆိုင်ရာ အကြံပေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တတိယပုဂ္ဂိုလ် (သို့) အဖွဲ့အစည်းများ အနေဖြင့် အချိန်မီ မှတ်ပုံတင်အမည်စရင်း တင်သွင်းခြင်း ဆောင်ရွက် နိုင်ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။



# ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလအတွင်း CDM ဝန်ထမ်းများအား ထောက်ပံ့ပေးမှု

- ငွေဦးထိရောင်းရငွေ - ၂၇ ဦး (၈၈၉,၀၉၂) ကျပ်
- ပြည်သူ့ရေးရာကော်မတီ - ၂ ဦး (၁၅၀,၀၀၀) ကျပ်
- ဝန်ကြီးရုံးရန်ပုံငွေ - ၅၈ ဦး (၃,၀၀၀,၀၀၀) ကျပ်
- ပြင်ပအလှူရှင် - ၂၁ ဦး (၄,၄၀၀,၀၀၀) ကျပ်

**(၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလအတွင်း CDM ဝန်ထမ်း ၁၀၈ ဦး အတွက် (၈,၄၃၉,၀၉၂) ကျပ် ထောက်ပံ့ခဲ့ပါသည်။)**

# ဖက်ဒရယ်သယံဇာတဆိုင်ရာ ပညာပေး အစီအစဉ်များ

အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ၏ ကြားကာလ လုပ်ငန်းများအနက် ဖက်ဒရယ်သယံဇာတဆိုင်ရာ ပညာပေး အစီအစဉ်အဖြစ် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် CDM ဝန်ထမ်းများအတွက် အသိပညာမြှင့်တင်ရေးအွန်လိုင်း

ဆွေးနွေးပွဲများကို ကျင်းပပြုလုပ်လျက်ရှိရာ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း "ညောင်နှင့် အမှိုသဟဲပြုနကျယ်များ" (တက်ရောက်သူ-၃၅ ဦး) နှင့် "သစ်ပင်၏နှစ်ကွင်းများက ပြောသော အရာများ (What can tree rings tell us?)" (တက်ရောက်သူ-၇၂ ဦး) ခေါင်းစဉ်များဖြင့် ဆွေးနွေးပွဲများ ကျင်းပခဲ့ပြီး ဆွေးနွေးပွဲတက်ရောက် သူဦးရေ စုစုပေါင်း (၁၀၇) ဦး ရှိခဲ့ပါသည်။

## ဖေဖော်ဝါရီလအတွင်း တရားမဝင်သစ် ဖမ်းဆီးရရှိမှု

- ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ **ကောလင်းခရိုင်မှ တရားမဝင် ကျွန်းခွဲသား (၁၁၆.၅) တန်**နှင့် ဆက်စပ်ပစ္စည်းများနှင့် တရားခံများအား မြို့နယ်အဖွဲ့စုံ၊ သယံဇာတစီမံအုပ်ချုပ်မှု မြို့နယ်အဖွဲ့ (TAB-NR) အဖွဲ့ဝင်များ၊ မြို့နယ် ပ.က.ဖ အဖွဲ့ဝင်များ၊ တိုက်နယ် ပ.လ.ဖများနှင့် ရပ်ကျေး ပ.က.ဖများမှ ဖမ်းဆီးရမိခဲ့ပြီး ဝန်ကြီး ဌာနမှ ထုတ်ပြန်ထားရှိသည့် ကြားကာလ လုပ်ထုံးလုပ်နည်းများအတိုင်း အရေးယူ ဆောင်ရွက်ပြီး ဖြစ်ပါသည်။





- **ကလေးခရိုင်မှ တရားမဝင် ကျွန်း ခွဲသား (၁၉၅) ချောင်း (၁၀.၄၇) တန်**၊ ဆက်စပ် ပစ္စည်းနှင့် တရားခံတို့အား မြို့နယ် ပ.အ.ဖများ၊ ပ.လ.ဖ၊ တိုက်နယ် ပ.က.ဖများနှင့် ဒေသခံကာကွယ်ရေးတပ်ဖွဲ့ဝင်များ (LPDFs)မှ ဖမ်းဆီးရမိခဲ့ပြီး ဝန်ကြီးဌာနမှ ထုတ် ပြန်ထားရှိသည့် ကြားကာလ လုပ်ထုံးလုပ်နည်းများအတိုင်း အရေးယူဆောင်ရွက်ပြီး ဖြစ်ပါသည်။

- **ကသာခရိုင်မှ တရားမဝင် ကျွန်းခွဲသား (၁၃.၆၀၉၀) တန်**၊ သစ်မဟုတ်သည့် အခြားသစ် တောထွက်ပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများနှင့် တရားခံများအား မြို့နယ် သယံဇာတ စီမံအုပ်ချုပ်မှုအဖွဲ့ (TAB-NR) အဖွဲ့ဝင်များ၊ မြို့နယ် ပ.အ.ဖအဖွဲ့ဝင်များ၊ ပ.က.ဖ အဖွဲ့ ဝင်များ၊ ပ.လ.ဖ အဖွဲ့ဝင်များ၊ တိုက်နယ် ပ.အ.ဖ များနှင့် ပ.က.ဖ များမှ ဖမ်းဆီးရမိခဲ့ပြီး ဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိ





သည့် ကြားကာလ လုပ်ထုံးလုပ်နည်းများအတိုင်း အရေးယူဆောင်ရွက်ပြီး ဖြစ်ပါသည်။

- **စစ်ကိုင်းခရိုင်မှ သစ်မာ ခွဲသား (၃၀) တန်** ၊ အခြားဆက်စပ်ပစ္စည်းများနှင့် တရားခံ များအား မြို့နယ် ပ.အ.ဖ အဖွဲ့ဝင်များနှင့် ပ.လ.ဖ အဖွဲ့ဝင်များမှ ဖမ်းဆီးရမိခဲ့ပြီး ဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသည့် ကြားကာလ လုပ်ထုံးလုပ်နည်းများအတိုင်း အရေးယူဆောင်ရွက်ပြီး ဖြစ်ပါသည်။

- **ယင်းမာပင်ခရိုင်မှ တရားမဝင် ကျွန်း ခွဲသား (၁၁.၅) တန်၊ သစ်မာ (၁၀.၅) တန်**၊ ဆက်စပ်ပစ္စည်းများနှင့် တရားခံများအား သယံဇာတစီမံအုပ်ချုပ်မှု မြို့နယ်အဖွဲ့ (TAB-NR) အဖွဲ့ဝင်များနှင့် ရပ်ကျေး ပ.က.ဖ များမှ ဖမ်းဆီးရမိ





ခဲ့ပြီး ဝန်ကြီးဌာနမှ ထုတ်ပြန် ထားရှိသည့် ကြားကာလ လုပ်ထုံးလုပ်နည်း များအတိုင်း အရေးယူဆောင်ရွက်ပြီး ဖြစ်ပါသည်။

- မန္တလေးတိုင်းဒေသကြီး၊ **ပြင်ဦးလွင်ခရိုင်မှ တရားမဝင် ကျွန်း ခွဲသား (၁၉) တန်၊ ကျွန်း သစ်လုံး (၂) တန်၊ သစ်မာ ခွဲသား (၁၂.၅) တန်**နှင့် သစ်မဟုတ်သည့် အခြားသစ်တောထွက်ပစ္စည်းများအား သယံဇာတစီမံအုပ်ချုပ်မှု မြို့နယ်အဖွဲ့ (TAB-NR) အဖွဲ့ဝင်များ၊ မြို့နယ်အဖွဲ့ပေါင်းစုံနှင့် ဒေသခံကာကွယ်ရေးတပ်များ(LPDFs)မှ ဖမ်းဆီးရမိခဲ့ပြီး ဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသည့် ကြားကာလ လုပ်ထုံးလုပ်နည်းများအတိုင်း အရေး ယူ ဆောင်ရွက်ပြီး ဖြစ်ပါသည်။



- မကွေးတိုင်းဒေသကြီး၊ **မင်းဘူးခရိုင်**မှ သစ်မဟုတ်သည့် အခြားသစ်တောထွက်ပစ္စည်း များအား မြို့နယ် ပ.အ.ဖ အဖွဲ့ဝင်များမှ ဖမ်းဆီးရမိခဲ့ပြီး ဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသည့် ကြားကာလလုပ်ထုံးလုပ်နည်းများအတိုင်း အရေးယူဆောင်ရွက်ပြီး ဖြစ်ပါသည်။

## ပြည်ထောင်စုဝန်ကြီး စကားသံ

"လောကမှာ မဖြစ်နိုင်တာမရှိဘူး၊ မဖြစ်သေးတာပဲရှိတယ် ဆိုတာ အတွေ့အကြုံက သင်ပေးတဲ့ သင်ခန်းစာတွေပါ။

မြန်မာနိုင်ငံဟာ ဖက်ဒရယ်နိုင်ငံဖြစ်မလာနိုင်တာ မဟုတ်၊ ဖြစ်မလာသေးတာပဲရှိတာပါ။"

ဒေါက်တာတူးခေါင် (ပြည်ထောင်စုဝန်ကြီး)







## ကာတွန်းကဏ္ဍ




## ဆောင်းပါးကဏ္ဍ

### အယ်လ်နီညိုဖြစ်စဉ်၏ သက်ရောက်မှုများ

#### အယ်လ်နီညိုဆိုသည်မှာ

အယ်လ်နီညိုသည် ပစိဖိတ်သမုဒ္ဒရာ၏ အပူပိုင်းဒေသရှိ သမုဒ္ဒရာမျက်နှာပြင်နှင့် လေထု အကြား အပြန်အလှန် သက်ရောက်မှုကြောင့် သဘာဝအတိုင်း ဖြစ်ပေါ်လာသည့် ဖြစ်စဉ်တစ်ရပ် ဖြစ်သည်။ သမုဒ္ဒရာမျက်နှာပြင် အပူချိန် ပြောင်းလဲမှုသည် အပူပိုင်းမိုးရွာသွန်းမှုပုံစံနှင့် ပစိဖိတ်

သမုဒ္ဒရာကို ဖြတ်ကျော်တိုက်ခတ်လာသော လေထုအတွင်း ရှိလေများကို ထိခိုက်လာနိုင်ပြီး ၎င်းတို့သည် သမုဒ္ဒရာ၏ မျက်နှာပြင်အပူချိန်နှင့် ရေစီးကြောင်းများကိုအပေါ် တဖန် သက် ရောက်မှုရှိသည်။ အယ်လ်နီညိုဖြစ်စဉ်သည် ပုံမှန် အားဖြင့် ၃ နှစ်မှ ၅နှစ်အတွင်း တစ်ကြိမ်သာ ဖြစ်ပေါ်လေ့ရှိ သော်လည်း ယခုအခါတွင် ၂ နှစ် သို့မဟုတ် ၃ နှစ် တစ်ကြိမ် မကြာခဏ ဖြစ်ပေါ် လာကြောင်း လေ့လာတွေ့ရှိ ရသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ် သည့်ဖြစ်စဉ် ဖြစ်သော်လည်း ကမ္ဘာလုံးဆိုင်ရာ ရာသီဥတု ကို ထိခိုက်စေနိုင်ပြီး အစွန်းရောက်ရာသီဥတု အခြေအနေ များကို ဖြစ်ပေါ်လာစေနိုင်သည်။ အယ်လ်နီညိုဖြစ်စဉ်သည် များသောအားဖြင့် ၉ လမှ ၁၂ လထိ ကြာ မြင့်နိုင်သည်။ အယ်လ်နီညို ဖြစ်စဉ်သည် မတ်လမှ ဇွန်လအတွင်း စတင် ကာ ဒီဇင်ဘာမှ ဧပြီလ အတွင်းတွင် အမြင့်ဆုံး အခြေအနေ သို့ ရောက်ရှိနိုင်ပြီး မေလမှ ဇူလိုင်လအတွင်း ပြန်လည် ကျ ဆင်းနိုင်သည်။ သို့သော်လည်း အယ်လ်နီညိုဖြစ်စဉ်သည် ၂နှစ်ထိ ကြာရှည်နိုင်ပြီး တစ်ခါ တစ်ရံတွင် ၃နှစ်မှ ၄နှစ် အထိ ကြာရှည်နိုင် ကြောင်း (National Oceanic and Atmospheric Administration)မှ ဖော်ပြထားသည်။



## အယ်လ်နီညိုဖြစ်စဉ်၏ သက်ရောက်မှုများ

အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် မိုးခေါင်ခြင်း၊ သီးနှံ ဖြစ်ထွန်းအောင်မြင်နိုင်ချေ နည်းပါးလာခြင်း၊ ပြင်းထန်သော မုန်တိုင်းများကျရောက်ခြင်း၊ ရေကြီးခြင်း၊ မိုးရွာသွန်းမှုပုံစံ မှု မမှန်ခြင်း၊ နေ့အပူချိန် မြင့်မားခြင်း၊ ရေချိုသောက်သုံးရေ များ ရှားပါးလာခြင်း စသည့်ဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။ ထို့ အပြင် ပြင်းထန်သော အပူချိန်ကြောင့် ရောဂါများ ဖြစ်ပွား လာခြင်း၊ အာ ဟာရချို့တဲ့ခြင်း၊ အပူရှပ်ခြင်း စသည့် များ စွာသော ကျန်းမာရေးပြဿနာများ ဖြစ်လာနိုင်ပြီး မီးဘေး အန္တရာယ်များလည်း ဖြစ်ပေါ်လာစေနိုင်သည်။ ကမ္ဘာတ ဝန်းတွင် အပူချိန်များ မြင့်တက် စေပြီး ကမ္ဘာ၏အချို့နေရာ ဒေသများတွင် မိုးခေါင်မှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုများ ဖြစ်စေ သည့် အစွန်းရောက်ရာသီဥတု ဖြစ်စဉ်ဖြစ်သည့် အယ်လ်နီညို သည် ၂၀၁၈-၂၀၁၉ ခုနှစ်တွင် နောက်ဆုံး အကြိမ်ဖြစ်ပွားခဲ့သည်။

၂၀၂၃ ခုနှစ်၊ မေလ (၃)ရက်နေ့တွင် ကမ္ဘာ့မိုးလေဝသအဖွဲ့ အစည်းမှ အယ်လ်နီညို ရာသီ ဥတုဖြစ်စဉ် ဖြစ်ပေါ်လာ နိုင်ပြီး ကမ္ဘာ့နိုင်ငံအများအပြားတွင် အပူချိန်မြင့်တက် လာခြင်း၊ မိုးခေါင် ခြင်း စသည့် ဖြစ်စဉ်များ ဖြစ်ပေါ်လာနိုင် သည့်အတွက် တစ်ကမ္ဘာလုံး ကြိုတင်ပြင်ဆင်ထားသင့်

ကြောင်းသတိပေးခဲ့သည်။ အမေရိကန်နိုင်ငံ အမျိုးသား အဏ္ဏဝါနှင့် လေထုစီမံခန့်ခွဲရေးဌာန (National Oceanic and Atmospheric Administration_ NOAA) မှ ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း အယ်လ်နီညိုသည် ကမ္ဘာ့ မြောက်ဘက်ခြမ်းတွင် တဖြည်းဖြည်း အားကောင်းလာပြီး အားပြင်း သည့် အယ်လ်နီညို ဖြစ်နိုင်မည့် အခြေအနေ ၅၆ ရာခိုင်နှုန်းအထိ ရှိနေကြောင်း ဇွန်လ (၁၂) ရက်၊ ၂၀၂၃ ခုနှစ်တွင် ကြေညာခဲ့သည်။ ထို့အပြင် ပူပြင်း၍ မြေပြင်ခြောက်သွေ့မှုလွန်ကဲခြင်းကြောင့် တောမီးလောင်မှု ဖြစ်စဉ် များပြားလာနိုင်ကြောင်း NOAA ၏ ကြေညာချက်တွင် ခန့်မှန်းထား သည်။ အယ်လ်နီညိုဖြစ်စဉ်ကြောင့် မိုးခေါင်မှုအန္တရာယ်များ ဖြစ်လာနိုင်ခြင်းနှင့်အတူ အာရှတိုက်တွင် လာမည့် (၂) နှစ် အတွင်း ဆန်စပါးဈေးနှုန်းများ ပိုမိုမြင့်တက် လာနိုင်ဖွယ်ရှိသကဲ့သို့ ရာသီဥတုခြောက်သွေ့မှုကြောင့် အစားအစာစိုက်ပျိုးထုတ်လုပ်မှုများကို ထိခိုက်ရဖွယ်ရှိနေ ကြောင်း ကမ္ဘာ့မိုးလေဝသဌာနက သတိပေးထားသည်။

မြန်မာနိုင်ငံတွင်လည်း အယ်နီညိုရာသီဥတုအခြေအနေတွင် မိုးရွာသွန်းရက် လျော့နည်း လာခြင်း၊ ဆောင်းကာလ အအေးပေါ့ခြင်း၊ နွေရာသီ ပို၍ပူပြင်းခြောက်သွေ့ခြင်းတို့ ဖြစ်ပေါ် ပြီး  အယ်လ်နီညိုအားပြင်းမှု၊ အားပျော့မှုအပေါ်



မူတည်၍  အပူလွန်ကဲခြင်း၊ အပူလှိုင်းဖြတ်ခြင်း တို့ ဖြစ်ပေါ်လာနိုင်သည်။ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တို့အတွင်း ဖြစ်ပေါ်ခဲ့သော အယ်လ်နီညို ဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံတွင် ရေကြီးခြင်း၊ မိုးခေါင်ခြင်းများ ဖြစ်ပေါ်လာပြီး မြန်မာနိုင်ငံ၏ အကြီးဆုံးဆည် ဖြစ်သည့် သဖန်းဆိပ်ဆည်တွင်လည်း ရေသိုလှောင်မှုပမာဏ လျော့နည်းလာခဲ့ သည်။

ယခုအခါတွင် မြန်မာနိုင်ငံသည် ပြင်းထန်သော ပဋိပက္ခများနှင့် ၎င်းတို့၏ ဂယက်ရိုက် ခတ်မှုများကြောင့် ပို၍ထိခိုက်လာနိုင်သည်။ အယ်လ်နီညိုရာသီဥတုဖြစ်စဉ် အားကောင်းလာခြင်းနှင့် သဘာဝဘေးအန္တရာယ်များသည် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ တရားဥပဒေစိုးမိုးရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် စားနပ်ရိက္ခာဖူလုံရေးတို့ကိုပါ ထိခိုက်လာနိုင်သည်။ အပူချိန်မြင့် တက်လာခြင်း၊ မိုးခေါင်ခြင်းနှင့် ရာသီဥတုဖြစ်စဉ်များပြောင်းလဲခြင်းသည် စိုက်ပျိုးသီးနှံများ အထွက်နှုန်း လျော့ကျလာကာ ကုန်ဈေးနှုန်းများ မြင့်တက်လာခြင်းနှင့် စားနပ်ရိက္ခာ မလုံ လောက်ခြင်းများ ဖြစ်ပေါ်လာခြင်းအားဖြင့် အခြေခံလူတန်းစားများအတွက် အခက်အခဲများ ဖြစ်ပေါ်လာစေနိုင်သည်။ ထို့ပြင် ကျန်းမာရေးဆိုင်ရာ အကျပ်အတည်းများလည်း ပို၍ဖြစ်ပေါ် လာစေနိုင်သည်။

## ထိခိုက်ဆုံးရှုံးမှုလျော့ပါးရေး လုပ်ဆောင်ချက်များ

ထို့ကြောင့် မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင်း နိုင်ငံများအနက် အယ်လ်နီညိုရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်ကြောင့် စီးပွားရေး ထိခိုက်မှုနှင့် ငွေကြေး ဖောင်းပွမှု အမြင့်ဆုံးရင်ဆိုင်ရဖွယ်ရှိနေသည့် နိုင်ငံများစာရင်းတွင် ပါဝင်နေခြင်းဖြစ်သည်။ စိုက်ပျိုးရေးနိုင်ငံ တစ်နိုင်ငံအနေဖြင့် အယ်လ်နီညို အစွန်းရောက်ရာသီဥတုဖြစ်စဉ် ဖြစ်ပေါ်နေသည့် ကာလအတွင်း မိမိတို့၏စိုက်ပျိုးထုတ်လုပ်မှုအပေါ် ထိခိုက်မှုမဖြစ်စေရန် ရေအရင်းအမြစ် စီမံခန့်ခွဲမှုကောင်းစွာ ပြုလုပ်သွားကြရမည်ဖြစ်သည်။ ရှိရင်းစွဲ ရေအရင်းအမြစ်များကို မပျက်စီး အောင် ထိန်းသိမ်းခြင်း၊ စိုက်ပျိုးရေကို လေလွင့်ဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် စီမံသုံးစွဲခြင်းတို့ လုပ်ဆောင်ရမည်ဖြစ်သည်။ ထို့ပြင် ကျရောက်လာမည့် အယ်လ်နီညို ဖြစ်ရပ်များနှင့် ဖြစ်ပေါ် နေသည့် လက်ရှိစိန်ခေါ်မှုများကို ထောက်ရှု၍ အစိုးရနှင့် ဒေသန္တရအာဏာပိုင်များသည် ကြိုတင် ပြင်ဆင်မှုနှင့် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအတွက် အစီအမံများကို စနစ်တကျ ချမှတ်ရ မည်ဖြစ်သည်။ ကြိုတင်ပြင်ဆင်မှုနှင့် လျော့ချရေးနည်းလမ်းများသည် သဘာဝဘေးအန္တရာယ် များ ကြုံတွေ့ရသည့်အခါတွင် ဆုံးရှုံးမှုနှင့် သေဆုံးမှုတို့ကို လျော့နည်းစေနိုင်သည်။ လူထုအသိ ပညာပေးလှုပ်ရှားမှုများသည်လည်း

Ministry of Natural Resources and Environmental Conservation - NUG



အယ်လ်နီညို၏ အကျိုးသက်ရောက်မှုများအကြောင်း အသိပေးမြှင့်တင်ရန်နှင့် ထိခိုက်ပျက်စီးမှုနှင့် လူသားအပေါ် သက်ရောက်မှုတို့ကို လျှော့ချရာတွင် ထိရောက်စွာတုံ့ပြန်ရန် အကောင်းဆုံး နည်းလမ်းများ ဖြစ်ပါသည်။

အယ်လ်နီညို ဖြစ်စဉ်နှင့် ရာသီဥတု ပြောင်းလဲမှု၏ သက်ရောက်မှုများ၊ ရွှေ့ပြောင်း နေထိုင်မှုများ၊ လူအဖွဲ့အစည်း ကွဲပြားမှုများ တိုးပွားလာခြင်းနှင့် ပဋိပက္ခပုံစံအသစ်များကြောင့် မြန်မာနိုင်ငံ၏ လက်နက်ကိုင်တော်လှန်ရေးသည်လည်း ပို၍ ရှုပ်ထွေးလာနိုင်သည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် ဆိုးရွားသော ပဋိပက္ခသံသရာတွင် ကျရောက်လာနိုင်သည်။ သို့ပါ၍ ဆက်စပ် ပတ်သက်သူများသည် လာမည့် ရာသီဥတုပြောင်းလဲမှုများကို ဖြေရှင်းရန် နိုင်ငံတကာမှ အကူ အညီများကို ရှာဖွေခြင်းနှင့် ရာသီဥတုဆိုင်ရာပြောင်းလဲမှုများ၊ နိုင်ငံရေးနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်း ထောင်ချောက်များမှ လွတ်မြောက်ရန် ဆန်းသစ်သော နည်းလမ်းများကို ရှာဖွေခြင်းတို့ အားဖြင့် ဖြစ်လာနိုင်မည့်ဆုံးရှုံးမှုများကို ကြိုတင်ကာကွယ်၊ လျှော့ချနိုင်ရန် ပူးပေါင်းဆောင်ရွက်သင့်ပါ ကြောင်း တိုက်တွန်းနှိုးဆော်ရေးသားလိုက်ပါသည်။

Source: https://www.gnlm.com.mm/comprehensive-preparedness-defying-the-impacts-of-el-nino/

https://www.weather.gov/media/ajk/brochures/ENSOFactSheetWinter1617.pdf

https://ispmyanmar.com/op-15/

## ကဗျာကဏ္ဍ

### တောင်တန်းရှိုက်သံ

ငါ၏ အရောင် မြစိမ်းရောင်သည်
လူတို့ စိတ်ဝမ်း ရွှင်အေးချမ်းဖို့
တည်ကြည်စိမ်းလန်း ရပ်နေစမ်းသည်
မဟုတ်ပါလော ။

ငါ၏ အဆင်း နိမ့်မြင့်ခြင်းသည်
သင်တို့ဘဝ အတက်ကျကို
မြင်ကြစေဖို့ သင်ပြလိုနေ
ထင်မှတ်ခဲ့၏ ။



ငါ၏ အသွင် မြင့်မားစွင့်သည်
လူတို့ကြိုးကုတ် မြတ်အားထုတ်၍
တတ်နိုင်စွမ်းဟု စိတ်ခိုင်မာဖို့
ကျင့်ပေးသည်ဟု ။

ငါ၏ကျောကုန်း အသင်ရှန်း၍
နင်းခြေနိုင်သော် သင်လူတော်ဟု
စိတ်အားတက်လျှင် ရင်မှာရွှင်ကာ
ကျေနပ်ခဲ့၏ ။

ငါ၏ရင်ခွင် သင်ခိုဝင်လျှင်
ဝေဟင်ထက်မှ မြို့အလှကို
ရှုမျှော်မဆုံး ရယ်မောပြုံးဖို့
ပြုချင်စမ်း၏ ။

စိတ်ဓာတ်ခွန်အား တက်စေသားငှယ်
အမောအပန်း ပြေစေစမ်းဟယ်
ငါတို့ရပ်တည် ရှိနေသည်ဟု
တွေးမိပျော်မိ ကြည်နူးမိ၏ ။

ခုတော့တို့တွေ ငိုရချေပြီ
တို့စိမ်းရောင်သည် သင့်စိတ်စဉ်ကို
မှိုင်းစေခဲ့ပြီ ။
ရိုင်းစေခဲ့ပြီ ။

နိမ့်မြင့်ဆင်းဟန် တို့သဏ္ဍာန်သည်
သင့်အရှုံးဟုန် ကျစေကုန်ပြီ
တို့ပေါ်ကျော်လွှား သင့်ခွန်အားသည်
သင့်တွက်နောက်ဆုံး ဖြစ်ချေသည်းပြီ။

သင်ခြေရပ်တုန်း တို့ကျောကုန်းသည်
နောက်ဆုံးခြေရာ ထင်စေရှာပြီ
တို့ရင်ခွင်နွေး သင့်အား(မ)ထွေးဘဲ
မယုမယ လက်လွှတ်ရသည့်

မိုက်မဲမှုကို ကျူးလွန်ထိုသူ
တို့တတွေကို ခွင့်မလွှတ်ကြပါနှင့်လား ။

လပြည့်ဝန်း





# မတ်လအတွင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကမ္ဘာ့အထိမ်းအမှတ်နေ့များ

## World Wildlife Day

### ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနေ့ (မတ်လ ၃ ရက်)

လူသားနှင့် ပတ်ဝန်းကျင်ကိုနီးကပ်စေခြင်း - တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းကဏ္ဍ ဒစ်ဂျစ်တယ်ဆန်းသစ်တီထွင်မှုဖော်ဆောင်ခြင်း

## International Day of Forests

### အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ (မတ်လ ၂၁ ရက်)

သစ်တောများနှင့် ဆန်းသစ်တီထွင်မှု - ပိုမိုကောင်းမွန်သောကမ္ဘာကြီးအတွက် ဖြေရှင်းဆောင်ရွက်ချက်အသစ်များ

## World Water Day

### ကမ္ဘာ့ရေအရင်းအမြစ်နေ့ (မတ်လ ၂၂ ရက်)

ငြိမ်းချမ်းရေးအတွက် ရေအရင်းအမြစ်

## International Day of Zero Waste

### အပြည်ပြည်ဆိုင်ရာ အလေအလွင့်ကင်းစင်ရေးနေ့ (မတ်လ ၃၀ ရက်)

# စာမူဖိတ်ခေါ်ခြင်း

အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သည် ပညာပေးကဏ္ဍများ တင်ဆက်ပေးလျက်ရှိရာ သယံဇာတစီမံအုပ်ချုပ်ခြင်း၊ သဘာဝ ပတ်ဝန်းကျင်၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်း၊ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပြဿနာများအား ဖြေရှင်းဆောင်ရွက်ခြင်း၊ သတ္တု သယံဇာတများ စီမံခန့်ခွဲအသုံးချခြင်းနှင့် ဖက်ဒရယ်သယံဇာတ အုပ်ချုပ်မှု





စနစ်နှင့် သက်ဆိုင် သော စာမူများ (ဆောင်းပါး၊ အတွေးအမြင် စာစု၊ မှတ်စုတို၊ ကဗျာ၊ ကာတွန်း) ကို မိမိတို့ နှစ်သက်ရာ ကလောင်အမည်ဖြင့် ပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ ပေးပို့လာသော စာမူရှင်များ၏ သတင်းအချက်အလက် လုံခြုံရေးအတွက် အလေးထား ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ စိတ်ပါဝင်စားသူများအနေဖြင့် MONREC Facebook Page Messenger (သို့) pramt@monrec.nugmyanmar.org သို့ ပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ် အပ် ပါသည်။

MONREC Official Facebook:
https://www.facebook.com/MONRECNUGMyanmar

MONREC Official Website:
https://monrec.nugmyanmar.org/

MONREC Telegram Channel:
https://t.me/monrecnug2021

MONREC Official Twitter Account:
https://twitter.com/MONREC_NUG


အမျိုးသားညီညွတ်ရေးအစိုးရ

National Unity Government

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

Ministry of Natural Resources and Environmental Conservation